# ကြောင်လူသားလား ကျားလူသားလား

စာရေးသူ....သက်တန့်ချို.....(၁၁း၀၆ ည ၂.၁၁.၀၉)



ခံယူချက်ဟာ လူတစ်ယောက်ကို ရူးသွပ်သွား စေနိုင်လောက်အောင် ပြောင်းလဲစေနိုင်ပါသတဲ့ ။
လူတစ်ယောက်ဟာ သူ့ရဲ့ သွားကိုလည်း ပြုပြင်ခဲ့တယ် သူ့ရဲ့နှုတ်ခမ်းကိုလည်း ခွဲစိတ်ခဲ့တယ်
မျက်နှာကိုလည်း
ခွဲစိတ်မှုပြုလုပ်ခဲ့တယ် Facial surgery ပေါ့ ။ ရည်ရွယ်ချက်ကတော့ သူ့ကိုယ်သူ
လူကျား တစ်ကောင် Human tiger အဖြစ် ပြောင်းလဲဖို့ ဖြစ်ပါတယ် တဲ့ ။

Dennis Avner အသက် ၅၀ နှစ်ဟာ အမေရိကန် အင်ဒီးယန်းအနွယ်ဝင်ဖြစ်ပြီး သူဟာ သူ့ကိုယ်သူ ကြီးမားတဲ့ကြောင်တစ်ကောင်ဖြစ်ဖို့ အတွက် မရေမတွက်နိုင်တဲ့ ငွေကြေးပမာဏကို အသုံးပြုခဲ့ပါတယ် ။ သူ့ကိုတွေ့ဆုံမေးမြန်းခဲ့တဲ့ အခါမှာတော့ သူ့ကိုယ်သူ ကျားတစ်ကောင်ဖြစ်ဖို့ အတွက် နည်းလမ်းကို ရှာဖွေဖို့အတွက်ပါပဲတဲ့ ။

Avner ရဲ့ ခန္ဓာကိုယ် ခွဲစိတ်ပြုပြင်မှုမှာ သူ့ရဲ့ အပေါ်နှုတ်ခမ်းကို ခွဲခြင်း Bifurcation (splitting) နားရွက်ကို ခွဲစိတ်ပြုပြင်ခြင်း ပါးမှာ စီလီကွန်ထည့်ခြင်း အရှေ့ဦးခေါင်းပိုင်း အစားသွင်းခြင်း သွားဖြည့်ဆည်းခြင်း Tooth filing တက်တူးထိုးခြင်း နှင့် မျက်နှာပြင်မှာ ပါးသိုင်းမွေးများထည့်သွင်းဖို့အတွက် ခွဲစိတ်ပြုပြင်ခြင်းများ ပြုလုပ်ခဲ့ပါတယ် ။

ကြောင်လူသားဟာ ကျားတစ်ကောင်နဲ့တူအောင် နေ့စဉ် အသားတွေပဲစားခဲ့ပါသတဲ့ ။



Tonopah , Nevada မှ Avner ဟာ သူ့ကိုယ်သူ Stalking Cat ဆိုတဲ့ Indian နာမည် ကိုပြောင်းခဲ့ပါတယ် ။ သူ့ရဲ့ ကိုယ်ပိုင် ဝက်ဘ်ဆိုက် (http://stalkingcat.com/)မှာ ကျွန်တော်ဟာ Huron မျိုးနွယ်ဖြစ်ပြီးရေးကျလှတဲ့ မျိုးနွယ်စုတွေရဲ့ အယူအဆအရ ကျနော့ကိုယ်ကျနော်

ကျားတစ်ကောင်အဖြစ်ပြောင်းလဲ ခဲ့ပါတယ်လို့ သူက ပြောဆိုခဲ့ပါတယ် ။ လူသားကျား
aficionado ကတော့ သစ်ပင်တွေတက်ရာမှာ ပျော်မွေ့နေပြီး အသားကိုသာနေ့စဉ်စား
သုံးပါတယ် ။ နေ့စဉ်နေ့တိုင်းကျား တစ်ကောင်ရဲ့ နေထိုင်မှု ဘဝပါပဲလို့ဆိုပါတယ် ။ တဖန်သူက
နေမင်းကိုကြည့်ပြီး
ကျနော့်ကို ကျားတစ်ကောင်ရဲ့ ကိုယ်အပူချိန်နဲ့ သဘာဝကို ပေးတော်မူပါလို့လည်း
တောင်းဆိုပြန်ပါတယ် ။

ဒါပေမယ့် ကြောင်တွေဟာ ကျားတွေကဲ့သို့ ၂၄ နာရီစလုံးမနေနိုင်ပါဘူး ။ ထို့အတူ လူတွေလည်း
အတူတူပါပဲ ။ ကွာခြားချက်ကတော့ သူဟာ ရုံးတစ်ရုံးမှာ
အလုပ်လုပ်နေရပြီးကိုယ်ပိုင်
တီဗွီလိုင်းတွေဖြစ်တဲ့ Larry King live , VH 1's , Totally Obsessed နဲ့
Kerrang ကိုလည်း တည်ထောင်ထားပါတယ် ။ သူက အဓိကကွာ ခြားချက်ကတော့ ကြောင်တစ်ကောင်နဲ့
တူနေခြင်းဖြစ်ပါတယ်လို့
ပြောဆိုခဲ့ပါတယ် ။

သူရဲ့ နောက်ဆုံးလူထုကို သူ့ပုံစံပြသဖို့အတွက် လုပ်ဆောင်မှုတွေကတော့ Ripley's
Believe It Or Not! museum အစီအစဉ်ဖြစ်ပြီး ဒီအပတ်မှာပဲ London's
Piccadilly Circus မှာ
ဖွင့်လှစ်ခဲ့ပါတယ် ။ ကျားတစ်ကောင်ရဲ့
မျက်လုံးနဲ့ တူအောင်လို့ Dennis ဟာ အစိမ်းရောင် ခွဲစိတ်ထားတဲ့ Irises
တွေကို အသုံးပြုခဲ့ပါတယ် ။ ကဲဒါဆို တကယ့်ဘဝမှာ တော့ Cat Man ဟာ Cat Women ကိုဘယ်လို
ရှာဖွေမှာပါလဲ ။ ဒါဟာ
အရမ်းခက်ခဲပြီး မဖြစ်နိုင်ပါဘူး ။ ကျနော့်အတွက်ကတော့
မိန်းမအများစုလက်ခံနိုင်တဲ့ လူသားဆန်မှုထက် ကျားတစ်ကောင်ဖြစ်နေရခြင်းကို ပိုနှစ်သက်ပါတယ်လို့
သူက
ပြောဆိုခဲ့ပါတယ် ။